### မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ ဗီဇာခွင့်မပြုသည့်အပေါ် ၁၀-၃-၂၀၁၈ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာပါ ဆွစ်ဇာလန်နိုင်ငံသား တစ်ဦး၏ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖော်ပြချက်

Mr. Lamont Unni Christen (Switzerland Ppt No. X4257325) သည် ၉-၃-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီ၌ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ ၎င်းအား ဗီဇာခွင့်မပြုသည့်အပေါ် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ၁၀-၃-၂၀၁၈ ရက်နေ့ထုတ် စံတော်ချိန်နေ့စဉ် သတင်းစာတွင် ဖော်ပြချက်အရ သိရှိရပါသည်။

Mr. Lamont Unni Christen သည် ၂၈-၂-၂၀၁၈ ရက်နေ့တွင် မြန်မာသံရုံး၊ ဗန်ကောက်မြို့၌ တစ်နှစ်သက်တမ်းရှိ အကြိမ်ကြိမ်ပြည်ဝင်ခွင့်လုပ်ငန်းဗီဇာ လျှောက်ထားခဲ့ပါသည်။ သံရုံးမှ ၎င်းအား ဗီဇာငြင်းပယ်ခြင်းမဟုတ်ဘဲ ဗီဇာခွင့်ပြုပေးနိုင်ရန် လိုအပ်သည့်စိစစ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့်အတွက် သံရုံး၏ လုပ်ငန်းစဉ် ဆောင်ရွက်နေသည့်ကာလအတွင်း စောင့်ဆိုင်းရန် သက်ဆိုင်ရာ ဗီဇာဌာနတာဝန်ခံမှ ၎င်းအား ၅-၃-၂၀၁၈ရက်နေ့တွင် ကိုယ်တိုင်ရှင်းလင်းပြောဆိုခဲ့ပြီး ဗီဇာခွင့်ပြုချက်ရရှိပါက အကြောင်းကြားနိုင်ရန် ၎င်းအား ဆက်သွယ်နိုင်မည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများ ရယူခဲ့ပါသည်။

ယင်းနောက် သံရုံးအနေဖြင့် ၎င်း၏ ဗီဇာလျှောက်ထားလာမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စိစစ်မှုများကို ဆောင်ရွက်ပေးနိုင်ပါရန် မိခင်ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဌာနများနှင့် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ Mr. Lamont Unni Christen ၏ ဗီဇာလျှောက်ထားလာမှုအပေါ် အပြီးအပြတ်ငြင်းပယ်ခြင်းမဟုတ်ကြောင်း၊ လိုအပ်သည့် စိစစ်မှုများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ မေးမြန်းထားသည့်ကာလအတွင်း စောင့်ဆိုင်းရန် အသိပေး ပြောဆိုခဲ့ကြောင်း အခြေအနေမှန်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ဗန်ကောက်မြို့
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၄ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
026
BANGKOK